မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

February 21 , 2026 Volume 99 , Number 12

၂၁. ၂.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၄.၁၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၇.၇၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၁.၅၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၇.၅၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၂၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၈.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၆၁ ကျပ် |

## ပြည်တွင်းထုတ် စက်ဆီ၊ ချောဆီတွေကို နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရရှိဖို့ ကြိုးပမ်းနေ




ပြည်တွင်းမှာထုတ်လုပ်တဲ့ စက်ဆီ၊ချောဆီတွေကို နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိဖို့ ကြိုးပမ်းဆောင်ရွက်နေကြောင်း စွမ်းအင်ဝန်ကြီးဌာနကနေ သိရပါတယ်။

ပြည်တွင်းဈေးကွက်အတွက်သာမက ပြည်ပကို တင်ပို့ရောင်းချနိုင်ရေး ရည်ရွယ်ထားတယ်လို့ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ပြောပါတယ်။

တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာထုတ်လုပ်ရောင်းချနိုင်ခြင်းဖြင့် ပြည်သူတွေရဲ့လူမှုစီးပွားဘဝမြင့်မားလာပြီးအလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာစေမယ်လို့ ဆိုပါတယ်။

ပြည်ပကနေ ကုန်ကြမ်းပစ္စည်းတွေမှာယူရာမှာ အရည်အသွေးမှန်ကန်မှုဆိုင်ရာအထောက်အထား၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်တွေနဲ့အတူ စနစ်တကျစာချုပ်ချုပ်ဆိုဝယ်ယူရေး အလေးထားဆောင်ရွက်ကြဖို့လည်း တိုက်တွန်းထားပါတယ်။

စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း ပြည်ပမှ တင်သွင်းလာတဲ့ ကုန်ကြမ်းပစ္စည်းတွေအပေါ် သတ်မှတ်စံချိန်စံညွှန်းများနဲ့ ကိုက်ညီခြင်း ရှိ/မရှိ စစ်ဆေးကြပ်မတ်လျက်ရှိတယ်လို့ သိရပါတယ်။

ကုန်ကြမ်းပစ္စည်းတွေကို စနစ်တကျသိုလှောင်ခြင်း၊ ရောစပ်ထုတ်လုပ်ရာမှာ အတည်ပြုထားတဲ့ Formula နဲ့အညီ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်တဲ့ ကုန်ချောတွေရဲ့ အရည်အသွေးတစ်သမတ်တည်းဖြစ်စေဖို့ စစ်ဆေးကြပ်မတ်သွားဖို့လည်း ညွှန်ကြားထားပါတယ်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

သတ်မှတ်ထားသည့်စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီမှုရှိစေရေး ဓာတ်ခွဲခန်းမှာ အလေးထားစစ်ဆေးကြတဲ့အတွက် ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းတွေရဲ့ အရည်အသွေးနဲ့စံမှန်ကန်မှုရှိစေရေး ဆောင်ရွက်ကြရန်လိုတယ်လို့ ပြောပါတယ်။

အရည်အသွေးပြည့်မီတဲ့ စက်ဆီချောဆီများကိုသုံးစွဲသူပြည်သူများလက်ဝယ်ကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ဖြန့်ဖြူးပေးဖို့ လိုပြီး ဝန်ကြီးဌာနအနေနဲ့လည်းသုံးစွဲသူပြည်သူတွေအာမခံချက်ရှိစေရေးအတွက်ကုန်ချောတွေအပေါ်လိုအပ်တဲ့ စစ်ဆေးမှုတွေဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**Source : BETV Business**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၂၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ နေကြာဧက ၅၆၄၀ ထိ ရိတ်သိမ်းပြီးစီး



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော ဆီထွက်သီးနှံနေကြာ ၁၅,၆၆၂ ဧက ရိတ်သိမ်းလျက်ရှိရာ ဖေဖော်ဝါရီလ ၁၉ ရက်တွင် နေကြာဧက ၅၆၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၃၄ တင်းထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်ပွင့်ဖြူမြို့နယ်မှာနေကြာ ၁၅,၆၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစပြီး ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ

လက်ရှိ ၅၆၄၀ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နေကြာသီးနှံ ရိတ်သိမ်းချိန်ရောက်လို့တာနဲ့ ပတ်သက်ပြီး သီးနှံ အထွက် နှုန်းတွေ လျော့နည်းမှုမဖြစ်အောင် အချိန်မီ သီးနှံရိတ်သိမ်းကြဖို့နဲ့ ရိတ်သိမ်းပြီးတဲ့ နေကြာတွေကို အရည်အသွေးကောင်းမွန်အောင် စနစ်တကျ ထားသိုထိန်းသိမ်းကြဖို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးတောင်သူများကိုစိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ အထွက်နှုန်းများ တိုးတက်အောင် စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

နေကြာသီးနှံကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီ ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် သီးနှံဝင်ငွေတိုးပွားကာ တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ၁၀ လအတွင်း FDI ဝင်ရောက်မှု ဒေါ်လာသန်း ၄၀၀ ခန့်ရှိ




အခု ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် ဖေပြီလကနေ ဇန်နဝါရီလအထိ ၁၀ လအတွင်း ပြည်တွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှု(FDI)တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၀၀ လောက် ဝင်ရောက်ထားတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရဲ့ အချက်အလက်တွေအရ သိရပါ တယ်။

အခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၇ ခု ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်တာအပါအဝင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၃၉၈ ဒသမ ၃၅၇ သန်း ရှိခဲ့တာပါ။၁၀ လအတွင်း ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၆၃ ခုနဲ့ အများဆုံး ဝင်ရောက်ထားပြီး ရေနံ နဲ့သဘာဝဓာတ်ငွေ့ကဏ္ဍမှာ လုပ်ငန်းသစ် ၁ ခုနဲ့ ဝန်ဆောင်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ၃ ခု ဝင်ရောက် ရင်းနှီးမြှုပ်နှံထားပါတယ်။အခုဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံထားတဲ့ နိုင်ငံ/ဒေသပေါင်း ၅၃ နိုင်ငံရှိတဲ့အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်တဲ့နိုင်ငံတွေကတော့ စင်ကာပူ၊ တရုတ်နဲ့ ထိုင်းနိုင်ငံတို့ ဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## ကျိုက်မရောမြို့နယ်တွင် ဒေသထွက်ငရုတ်သီးတောင့်များ လှိုင်လှိုင်ထွက်၍ ဈေးကောင်းရ



ကျိုက်မရောမြို့နယ်၊ ဥယျာဉ်ခြံမြေများ၌ မိသားစု အပိုဝင်ငွေရရှိစေရန်တစ်နိုင်တစ်ပိုင် စိုက်ပျိုးသည့် ဒေသထွက်ငရုတ်သီးတောင့်များဆွတ်ခူးချိန်လှိုင်လှိုင်ထွက်ပြီး ဈေးကောင်းရရှိသဖြင့် ကလိုင်းကနိုင်ကျေးရွာမှ ငရုတ်သီးတစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများ မိသားစုဝင်ငွေတိုးကာ စီးပွားရေးအဆင်ပြေလျက် ရှိကြောင်း သိရသည်။

ကလိုင်းကနိုင်ကျေးရွာရှိ ခြံစိုက်တောင်သူများက ငရုတ်သီးပင်များကို အများအားဖြင့် မြေအစိုဓာတ်ဖြင့်သာ ကြီးထွားပြီး အပင်သုံးလသား၌ အပင်သန်ဆေးအား ပိုးသတ်ဆေးတို့ကို ဖျန်းပေးရသည်။

ငရုတ်ခင်းအတွင်း ပေါင်းမြက်ရှိပါက ပေါင်းလိုက်ပေးရသည်။ ကလိုင်းကနိုင်ကျေးရွာရှိ စိုက်ပျိုးသည့် ငရုတ်သီးမျိုးမှာ မိုးမျှော်သီးဒေသခေါ် ကုလားအော်သီးမျိုးများကိုသာ အဓိကထားစိုက်ပျိုးကြပြီးငရုတ်သီးကစပ်သည့်အတွက် ဒေသခံပြည်သူများ အလွန်ကြိုက်နှစ်သက်သောကြောင့် ဈေးကွက်ဝင်ကြောင်း မိုးငရုတ်သီးကို နှစ်လလျှင် တစ်ကြိမ်ခူးဆွတ် ရောင်းချနိုင်ပြီ ဖြစ်ကြောင်း ယခုလို ခူးဆွတ်ချိန်တွင် တစ်ပိဿာလျှင် တစ်သောင်းကျော်ခန့် ဖောက်သည်ပေးရပြီး တစ်ခါခူးဆွတ်လျှင် ၆ ပိဿာ ခန့် ရ သဖြင့် တစ်ပတ်ကို ဝင်ငွေ ၆ သောင်းခန့်ရရှိကြောင်း ငရုတ်သီးများ စနစ်တကျစိုက်ပျိုးသူတစ်ဦးထံက သိရသည်။

**Source : DOCA (မွန်)**

## တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ယွမ် ၁ ဒသမ ၅ ထရီလီယံတန်ဖိုးရှိ လက်ဖက်ခြောက်လုပ်ငန်းကို တည်ထောင်ရန် ရည်ရွယ်ထား

တရုတ်နိုင်ငံသည် လက်ဖက်ခြောက်လုပ်ငန်းကို အဆင့်မြှင့်တင်ရန် လမ်းညွှန်ချက်များ ထုတ်ပြန်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် လက်ဖက်ခြောက်လုပ်ငန်းကွင်းဆက်တစ်ခုလုံး၏စုစုပေါင်းအရွယ်အစားကို ယွမ် ၁ ဒသမ ၅ ထရီလီယံ(အမေရိကန်ဒေါ်လာ ၂၁၆ ဘီလီယံခန့်)ရောက်ရှိရန် ဦးတည်ထားကြောင်း သိရသည်။

စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအပါအဝင် အစိုးရဌာန ၅ ခုမှ ပူးတွဲထုတ်ပြန်သော အဆိုပါလမ်းညွှန်ချက်များသည် လက်ဖက်ခြောက်လုပ်ငန်း၏ အရည်အသွေးနှင့် ထိရောက်မှုကို သိသိသာသာမြှင့်တင်ရန် ရည်ရွယ်ထားပြီး ၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် ကောင်းမွန်စွာထောက်ပံ့ထားသော၊ ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော၊ ဉာဏ်ရည်ထက်မြက်သောနှင့်နိုင်ငံတကာတွင်ယှဉ်ပြိုင်နိုင်သောလက်ဖက်ခြောက်လုပ်ငန်းစနစ်တစ်ခုကိုတည်ထောင်ရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းလမ်းညွှန်ချက်များသည် ၂၀၂၈ ခုနှစ်အတွက် ရည်မှန်းချက်များကိုလည်းချမှတ်ထားပြီး ရိုးရာလက်ဖက်စိုက်ပျိုးသည့် အဓိကဒေသများတွင် ပုံမှန်တိုးတက်မှုရှိစေရန်နှင့် ထူးခြားသော ဒေသခံလက်ဖက်လုပ်ငန်းများ၏ အရည်အသွေးနှင့် ထိရောက်မှုတို့တွင် ဆက်လက်တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ကြောင်း၊ လမ်းညွှန်ချက်များသည် ထုတ်ကုန်အမျိုးမျိုးနှင့် သုံးစွဲမှုပုံစံမျိုးစုံနှင့် အတူ စက်မှုလုပ်ငန်းကွင်းဆက်ခေတ်မီမှုကို မြှင့်တင်ရန်ဖော်ပြထားကြောင်း သိရသည်။

ထိုရည်မှန်းချက်များပြည့်မီစေရန်အတွက် လမ်းညွှန်ချက်များသည် သိပ္ပံ-နည်းပညာဆန်းသစ်တီထွင်မှုကို အားကောင်းစေခြင်း၊ ဈေးကွက်အဖွဲ့အစည်းများကို ပြုစုပျိုးထောင်ခြင်းနှင့် အထူးပြုစက်မှုလုပ်ငန်းအစု အဝေးများကို မြှင့်တင်ခြင်းအပါအဝင် အဓိကလုပ်ငန်းတာဝန်များစွာကို ဖော်ပြထားကြောင်း၊ ၎င်းတို့သည် အိမ်သုံးပစ္စည်းများ၊ နေ့စဉ်သုံးဓာတုပစ္စည်းများ၊ အလှကုန်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သောကဏ္ဍများတွင် လက်ဖက်ခြောက်ကုန်ကြမ်းများနှင့် အစိတ်အပိုင်းများ အသုံးပြုမှုကို တိုးချဲ့ ရန်ကြိုးပမ်းမှုများကိုလည်း အားပေးကြောင်း သိရသည်။

တရုတ်နိုင်ငံကို လက်ဖက်ခြောက်၏မွေးရပ်မြေအဖြစ် လူသိများပြီးထောင်စုနှစ်များစွာကတည်းက လက်ဖက်ရည် (ရေနွေးကြမ်း) သည် တရုတ်ယဉ်ကျေးမှုတွင် နက်ရှိုင်းစွာအမြစ်တွယ်ခဲ့ပြီး တရုတ်လူမျိုးများ ၏နေ့စဉ်ဘဝတွင် မရှိမဖြစ် အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ကြောင်း သိရသည်။

**Source: https://www.globaltimes.cn/page/202602/1355402.shtml**

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

## ၂၀၂၅ ခုနှစ်အတွင်း ကုန်သွယ်အရွေ့အပြောင်းအနေဖြင့် မလေးရှား၊ ဗီယက်နမ်နှင့် ထိုင်းတို့သည့် အမေရိကန်နှင့် ကုန်သွယ်မှုပိုငွေဖြစ်ပေါ်သော်လည်း တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုလိုငွေပြနေ

ကုန်သွယ်မှုကို ပြန်လည်ချိန်ညှိရန် ဒေါ်နယ်ထရမ့်၏ သွင်းကုန်ခွန်တွန်းအားပေးခဲ့သော်လည်း မလေးရှား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည်၂၀၂၅ ခုနှစ်တွင် အမေရိကန်နှင့်ကုန်သွယ်မှုလိုငွေသိသိသာသာကျယ်ပြန့်လာနေချိန်တွင် တရုတ်နှင့်ကုန်သွယ်မှုတွင် ပိုငွေသိသိသာသာဖြစ်ပေါ်ခဲ့ကြောင်း Nikkei Asia က ထုတ်ပြန်ထားခဲ့ပါသည်။

အမေရိကန်သမ္မတ Donald Trump သည် အမေရိကန်၏ကုန်သွယ်မှုလိုငွေပြမှုကို လျှော့နည်းစေရန် ကုန်သွယ်ဖက်များအပေါ်အခွန် စည်းကြပ်မှုကို ၂၀၂၅ ခုနှစ်တွင် ချမှတ်ခဲ့ပြီးအရှေ့တောင်အာရှစီးပွားရေးများသည် အမေရိကန်နှင့်ကုန်သွယ်မှုပိုငွေတွင် အမေရိကန်ဒေါ်လာဖြင့် ဖော်ပြချက်တွင် မလေးရှားသည် ၄၅ ရာခိုင်နှုန်း၊ ထိုင်းသည် ၄၄ ရာခိုင်နှုန်းနှင့် ဗီယက်နမ်သည် ၂၈ ရာခိုင်နှုန်းအသီးသီးဖြစ်ကြောင်း၊အီလက်ထရွန်းနစ်နှင့် လျှပ်စစ်ထုတ်ကုန်များ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများနှင့် အစိတ်အပိုင်းများ၊ ပြုပြင်ထားသောအစားအစာများ၊ သံနှင့်သံမဏိထုတ်ကုန်များအတွက် ပြင်းထန်သော ဝယ်လိုအားကြောင့် အမေရိကန်သို့တင်ပို့မှုသည် ၁၇ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု မလေးရှားရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း၊ မလေးရှား၏အမေရိကန်ကုန်သွယ်မှုပိုငွေသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂ ဘီလီယံအထိမြင့်တက်ခဲ့သည်ဟု CEIC Data(တရားဝင်ကိန်းဂဏန်းများအပေါ်အခြေခံ၍ ဖော်ပြထားကြောင်း Nikkei Asia ၏ တရားဝင်စာရင်းဇယားကို ကိုးကား၍ ဖော်ပြခဲ့သည်။

ဗီယက်နမ်သည် အရှေ့တောင်အာရှနိုင်ငံများကြားတွင် အကြီးဆုံးအမေရိကန်ကုန်သွယ်မှုပိုငွေပြခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၃ ဒသမ ၈ ဘီလီယံဖြင့် စံချိန်တင်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် ၂၈ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ထိုင်း၏ကုန်သွယ်မှုပိုငွေသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ၆ ဘီလီယံမှ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၃ ဘီလီယံထိတိုးတက်လာခဲ့ကြောင်း၊ ထရမ့်သည် ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချရန်ကြိုးပမ်းမှုတွင် အမေရိကန် ကုန်သွယ်ဖက်များ ကို ပစ်မှတ်ထားသော "အပြန်အလှန်အကောက်ခွန်များ"ကို ဧပြီလတွင် ကြေညာခဲ့ကြောင်း၊ အချို့သောအရှေ့တောင်အာရှ နိုင်ငံများသည် ဩဂုတ်လတွင် စတင်အသက်ဝင်မည့် ညှိနှိုင်းမှုနှုန်းများလျှော့ချခြင်းမပြုမီ အစောပိုင်းတွင် အကောက်ခွန် ၄၀ ရာခိုင်နှုန်းထက်မပိုသော စည်းကြပ်မှုဒဏ်ကိုခံခဲ့ရကြောင်း၊နိုင်ငံများစွာကဲ့သို့ပင်အရှေ့တောင်အာရှနိုင်ငံများသည် အကောက်ခွန် မဆောင်မီတင်ပို့မှုအလျင်အမြန်အရှိန်မြင့်လာသောကြောင့် ပို့ကုန်များမြင့်တက်လာသည်ကို တွေ့ရကြောင်း သိရသည်။

အောက်တိုဘာလတွင် အမေရိကန်သည် မလေးရှားမှ ကုန်ပစ္စည်းအများစုအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း၊ ထို့ပြင် အများစုမှာ တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ အာကာသ ယာဉ်နှင့် ဆေးဝါးများတွင် ပါဝင်သည့် ကုန်ပစ္စည်း ၁၇၁၁ မျိုးကို သွင်းကုန်ခွန်မှကင်းလွတ်ခွင့်ပြုခဲ့ကြောင်း၊အပြန်အလှန်အားဖြင့် မလေးရှားသည် အမေရိကန်သို့ တင်ပို့သည့် ရှားပါးမြေများနှင့် အခြားအရေးပါသောဓာတ်သတ္တုများကို တင်ပို့ခွင့်ပိတ်ပင်ခြင်း သို့မဟုတ် ခွဲတမ်းများချမှတ်ခြင်း မပြုရန် ကတိပြုခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် သုံးနိုင်ငံလုံး၏ တရုတ်နှင့် ကုန်သွယ်မှုလိုငွေ သိသာစွာကြီးမားလာကြောင်း၊ အာရှ၏ အကြီးဆုံးစီးပွားရေးကြီးမှ ကုန်ပစ္စည်းများသည် မြင့်မားသော အမေရိကန်အခွန်စည်းကြပ်မှုများကို ရင်ဆိုင်ရန်ကြိုးပမ်း ရင်း ဤဈေးကွက်များသို့ ပိုမိုကြီးမားစွာ စီးဝင်လာကြောင်းအကြံပြုခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် မလေးရှား၏ တရုတ် လိုငွေပြမှုသည် ၆၂ ရာခိုင်နှုန်း ခုန်တက်သွားပြီး အမေရိကန်ဒေါ်လာ ၃၈ ဒသမ၄ ဘီလီယံ၊ ထိုင်းနိုင်ငံ၏လိုငွေပြမှုသည် ၅၀ ရာခိုင် နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၈ ဘီလီယံ၊ ဗီယက်နမ်၏လိုငွေပြမှုသည် ၄၀ ရာခိုင်နှုန်းတိုးလာကာ အမေရိကန်ဒေါ်လာ ၁၁၅ ဘီလီယံရှိကြောင်း သိရသည်။

အမေရိကန်သို့ ပို့ကုန်များနှင့်အတူ တရုတ်နိုင်ငံမှ သွင်းကုန်များမြင့်တက်လာခြင်းနှင့်အတူ မြင့်တက်လာသော အကောက်ခွန်ကို ရှောင်ရှားရန် အမေရိကန်သို့မတင်ပို့မီ ဗီယက်နမ်ကဲ့သို့သော အိမ်နီးချင်းအရှေ့ တောင်အာရှနိုင်ငံများမှတစ်ဆင့် ကုန်စည်များ

ဖြတ်သန်းသယ်ဆောင်သော တရုတ်ကုမ္ပဏီများအတွက် အချို့သော ကျွမ်းကျင်သူများက ဖြစ်နိုင်ချေရှိသော Transhippment အန္တရာယ်များကို ထောက်ပြကြကြောင်း၊ အမေရိကန်အကောက်ခွန်မူဝါဒက ၂၀၂၆ ခုနှစ်အထိ မသေချာ မရေရာမှုတွေ ဆက် ဖြစ်နေကြောင်း၊ ထရမ့်သည် ယခုလအတွင်း တောင်ကိုးရီးယားမော်တော်ယာဉ်များအပေါ် အခွန် ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ တိုးမြင့်ကောက်ခံနေပြီး "outline framework" မရှိသော ဥရောပနိုင်ငံများအပေါ် ၁၀ ရာခိုင်နှုန်း စည်းကြပ်ခွန် ထပ်တိုး ကောက်ခံမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း သိရသည်။

ထရမ့်၏ တစ်နှစ်ပတ်လုံးကုန်သွယ်မှုအပေါ် အခွန်စည်းကြပ်မှုကြောင့် ၂၀၂၆ ခုနှစ်တွင် ပို့ကုန်များနှေးကွေးနိုင်သည်ဟု အရှေ့တောင်အာရှအစိုးရများနှင့် လေ့လာသုံးသပ်သူများက သတိပေးခဲ့ကြောင်း၊ ပထဝီနိုင်ငံရေးတင်းမာမှုများပြင်းထန် လာချိန်တွင် ကမ္ဘာ့ကုန်သွယ်ရေးတွင် ဆက်လက်ပြုပြင်ပြောင်းလဲမှုများနှင့်အတူ လက်ရှိနှင့် အသစ်မိတ်ဆက်ထားသော အမေရိကန် အခွန်ကောက်ခံမှုများမှ ပိုမိုရှင်းလင်းသော အကျိုးသက်ရောက်မှုများကို ထင်ဟပ်စေကာ ၂၀၂၆ ခုနှစ်တွင် ထိုင်းပို့ကုန် များ နှေးကွေးနိုင်မည်ကိုမျှော်လင့်ထားကြောင်းထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးကပြောကြားခဲ့ကြောင်း၊ မလေးရှား နိုင်ငံ၏ ပို့ကုန်များသည် အမေရိကန်သွင်းကုန်အကောက်ခွန်ကြောင့် ဖြစ်ပေါ်လာသော ပြင်ပလေစီးကြောင်းများမှ အပျက် သဘောဆောင်သောသက်ရောက်မှုများကို ရင်ဆိုင်ရဖွယ်ရှိသည်ဟု DBS မှ ပြောကြားခဲ့ကြောင်း သိရသည်။

ယခင်နှစ်က လမ်းကြောင်းသည် ၂၀၂၆ ခုနှစ်အထိ သယ်ဆောင်သွားဖွယ်မရှိကြောင်း၊ နိုင်ငံအများအပြားနှင့် အမေရိကန် ကုန်သွယ်မှုသဘော တူညီချက်များ အသက်ဝင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံများသည် အမေရိကန်ဆီမှ သွင်းကုန်များ ပိုမိုများ လာနိုင်ပြီး ၎င်းတို့၏ကုန်သွယ်မှုပိုငွေလည်း ကျဆင်းလာမည်မှာ သေချာကြောင်း၊ ယခုနှစ်တွင် အာဆီယံစီးပွားရေးအတွက် အန္တရာယ်ဖြစ်နိုင်လိမ့် မည်ဖြစ်ကြောင်း ISEAS-Yusof Ishak အင်စတီကျူမှ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သည့် Archa-nun Kohpaiboon က သုံးသပ်ပြောကြားခဲ့သည်။

**Source:** https://www.nationthailand.com/news/policy/40062059

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (21.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Feb. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,897 (Shares) | 17,391,750 (MMK) |

Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,600 | 8,600 | 8,500 | 1,153 | 9,807,800 | 33,109,694 | 281,432 |
| MTSH | 00002 | 4,300 | +100 | +2.38% | 4,300 | 4,300 | 4,300 | 17 | 73,100 | 38,929,150 | 167,395 |
| MCB | 00003 | 8,500 | +200 | +2.41% | 8,000 | 8,500 | 8,000 | 9 | 72,500 | 10,400,986 | 88,408 |
| FPB | 00004 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 964 | 2,988,400 | 29,664,613 | 91,960 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 230 | 690,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 613 | 981,150 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 0 | 0 | 10,497,598 | 41,990 |
| MAEX | 00008 | 3,050 | -50 | -1.61% | 3,150 | 3,150 | 3,050 | 911 | 2,778,800 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Feb. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 432.21 | +0.78 | +0.18% | 431.94 | 432.21 | 428.92 | 3,897 | 17,391,750 | 8 | 815,222 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Feb. 2026

| Trading Volume | Trading Value |
|---|---|
| 3,910 (Shares) | 17,426,850 (MMK) |

### Main Board

As of 1:00 pm, 21st Feb. 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,897 (Shares) | 17,391,750 (MMK) |

| MYANPIX | 432.21 ▲ 0.78 |
|---|---|
| Total Volume (shares) | 3,897 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 815,222 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 4,300 | ▲ 100 |
| MCB | 00003 | 8,500 | ▲ 200 |
| FPB | 00004 | 3,100 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,050 | ▼ 50 |